စုစုပေါင်းရမှတ်--------------------

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
# သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)
# ပထမနှစ်သင်တန်းဝင်ခွင့်လျှောက်လွှာ
# (၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက်)

| | ကျောင်းသား/ကျောင်းသူ | အဖ(အရင်း) | အမိ(အရင်း) |
|---|---|---|---|
| ၁။ အမည် | | | |
| ၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | | | |
| ၃။ လူမျိုး/ဘာသာ | | | |
| ၄။ မွေးသက္ကရာဇ် | | | |

(တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်တောင်းစဉ်အတိုင်း)

| | အဖ(အရင်း) | အမိ(အရင်း) |
|---|---|---|
| ၅။ မိဘအလုပ်အကိုင်၊ရာထူး၊ဌာန | | |
| ၆။ မိဘနေရပ်လိပ်စာနှင့်ဖုန်းနံပါတ် | | |

၇။ ဝင်ခွင့်လျှောက်ထားသူ၏
ဆက်သွယ်ရန်လိပ်စာနှင့်ဖုန်းနံပါတ် -----------------------------------------------------

၈။ အောင်မြင်ခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့်ရမှတ်များ/ အောင်မြင်ခဲ့သည့်ဘာသာတွဲ(----------တွဲ)

| သင်ယူခဲ့သည့်ဘာသာရပ်များ | စာမေးပွဲရမှတ် |
|---|---|
| မြန်မာစာ | |
| အင်္ဂလိပ်စာ | |
| သင်္ချာ | |
| | |
| | |
| | |
| **စုစုပေါင်းရမှတ်** | |

ခုံနံပါတ် ------------------------
ခုနှစ် ------------------------
စာစစ်ဌာန ------------------------
မြို့နယ် ------------------------
ပြည်နယ်/တိုင်းဒေသကြီး ------------------------

အထက်ဖော်ပြပါအချက်အလက်များမှန်ကန်ပါသည်။

| မိဘအုပ်ထိန်းသူ | | လျှောက်ထားသူ | |
|---|---|---|---|
| လက်မှတ် | --------------------------- | လက်မှတ် | --------------------------- |
| အမည် | --------------------------- | အမည် | --------------------------- |
| ရက်စွဲ | --------------------------- | ရက်စွဲ | --------------------------- |

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | တက္ကသိုလ်၏တည်နေရာ | ၁ |
| ၂ | တက္ကသိုလ်သို့ လျှောက်ထားနိုင်သူများ | ၁ |
| ၃ | ပေးအပ်မည့်ဘွဲ့များ | ၂ |
| ၄ | တက္ကသိုလ်ပြောင်းရွှေ့လျှောက်ထားခြင်း | ၄ |
| ၅ | စာမေးပွဲများ | ၄ |
| ၆ | စည်းကမ်းများ/စည်းကမ်းဖောက်ဖျက်မှုအတွက် ပြစ်ဒဏ်များ | ၅ |
| ၇ | အထွေထွေ | ၈ |

၁၃။ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)မှ စတုတ္ထနှစ် အောင်မြင်သူများသည် သတ်မှတ်အရည်အချင်းပြည့်မီပါက ဤတက္ကသိုလ်တွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဒီပလိုမာသင်တန်းနှင့်မဟာတန်းသင်တန်းများသို့ဆက်လက် တက်ရောက်ခွင့်ရှိသည်။

အဆင့်ဆင့်၊ သမဝါယမဘဏ်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအဆင့်ဆင့်တို့တွင် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မည်ဖြစ်ပါသည်။

## အခန်း(၇)

### အထွေထွေ

၉။ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)မှ ဘွဲ့ရရှိသူများသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနအဆင့်ဆင့်၊ သမဝါယမအသင်းအဆင့်ဆင့် ၊ သမဝါယမဘဏ်များ ၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန အဆင့်ဆင့်တို့တွင် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မည်ဖြစ်ပါသည်။

၁၀။ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)မှ စတုတ္ထနှစ်သင်တန်း အောင်မြင်သူများသည် သတ်မှတ်အရည်အချင်းပြည့်မီပါက ဤတက္ကသိုလ်တွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဒီပလိုမာသင်တန်းနှင့် မဟာဘွဲ့သင်တန်းများသို့ ဆက်လက် တက်ရောက်ခွင့်ရှိသည်။

## အခန်း(၁)

### တက္ကသိုလ်၏တည်နေရာ

၁။ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)သည် စစ်ကိုင်းတိုင်းဒေသကြီး ၊ စစ်ကိုင်းမြို့၊ ရွှေသမားရပ်တွင် တည်ရှိပါသည်။

## အခန်း(၂)

### တက္ကသိုလ်သို့ လျှောက်ထားနိုင်သူများ

၂။ (က) လျှောက်ထားသူများသည် ၂၀၂၄ ခုနှစ် ၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ (မည်သည့်ဘာသာတွဲဖြင့်မဆို) ဖြစ်ရပါမည် အောင်လက်မှတ် မိတ္တူ (သို့မဟုတ်) အောင်ကြောင်း ထောက်ခံစာမူရင်းနှင့် အမှတ်စာရင်းမူရင်း တို့ကို တစ်ပါတည်း ပူးတွဲလျှောက်ထားရမည်။

(ခ) သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)သို့ တက်ရောက်ခွင့် ရရှိပါက အောင်လက်မှတ်မူရင်းကို တင်ပြနိုင်မှသာ တက်ရောက်ခွင့် ပြုမည်။ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)တွင် တက်ရောက်ရန် ရွေးချယ်ခြင်း မခံရပါက ကျောင်းသား/ကျောင်းသူ များ နစ်နာမှုမရှိစေရန်အတွက် အခြားတက္ကသိုလ်/ကောလိပ်များသို့ အချိန်မီတက်ရောက်နိုင်ရေးလျှောက်ထားမှုပြုလုပ်ထားရန် လိုအပ်ပါသည်။

(ဂ) လျှောက်ထားသူနှင့် ၎င်း၏မိဘ(၂)ပါးသည် အမျိုးသားမှတ်ပုံတင်ကတ်ပြား (သို့မဟုတ်) နိုင်ငံသားစိစစ်ရေးကတ်ပြား (နိုင်) (ပြု) (ဧည့်) ကိုင်ဆောင်ထားသူ ဖြစ်ရမည်။

(ဃ) လျှောက်ထားသူသည် ဝင်ခွင့်လျှောက်လွှာများကို ၂၀၂၆ ခုနှစ် ၊ အောက်တိုဘာလ(၂၄)ရက်နေ့ နောက်ဆုံးထား၍ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာ တက္ကသိုလ်(စစ်ကိုင်း)၊ သင်တန်းရေးရာဌာန၊ ကျောင်းသားရေးရာဌာနခွဲသို့ ပေးပို့လျှောက်ထားရမည်။

**အခန်း(၃)**

**ပေးအပ်မည့်ဘွဲ့များ**

၃။ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)တွင် အောက်ပါဘွဲ့များကို အပ်နှင်းမည်ဖြစ်ပြီး ဘွဲ့တစ်ခု ပြီးမြောက်ရန်အတွက် သင်တန်းကာလမှာ (၄) နှစ် ဖြစ်ပါသည်-

(က) စီးပွားရေးသိပ္ပံဘွဲ့(စာရင်းကိုင်နှင့်ဘဏ္ဍာရေးပညာ)
B.BSc(Accounting & Finance)

(ခ) စီးပွားရေးသိပ္ပံဘွဲ့(အသုံးချစာရင်းအင်းပညာ)
B.BSc(Applied Statistics)

(ဂ) စီးပွားရေးသိပ္ပံဘွဲ့(ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှု ပညာ)
B.BSc(Marketing Management)

(ဃ) စီးပွားရေးသိပ္ပံဘွဲ့(ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာ)
B.BSc(Regional Development)

(င) စီးပွားရေးသိပ္ပံဘွဲ့(လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု ပညာ)
B.BSc(Social Enterprise Management)



**ကျောင်းစည်းကမ်းဖောက်ဖျက်မှုဆိုင်ရာပြစ်မှုများ**

| အမှတ်စဉ် | ပြစ်မှုများ | ပြစ်ဒဏ်များ | |
|---|---|---|---|
| | | ကျောင်းမှ ထုတ်ပယ်ခြင်း | ပြင်းထန်စွာ သတိပေးခြင်း |
| ၁ | စာသင်ခန်း အတွင်း/အပြင်၌ သင်ကြားမှုကို အနှောင့်အယှက်ဖြစ်စေရန်ပြောဆိုခြင်း/ပြုမူခြင်း/ လုပ်ဆောင်ခြင်း၊ | ✓ | ✓ |
| ၂ | ကျောင်းတွင်း/ကျောင်းပြင်ခိုက်ရန်ဖြစ်ပွားခြင်း၊ | ✓ | ✓ |
| ၃ | ကျောင်းတွင်း/ကျောင်းပြင် အရက်သေစာ သောက်စားမူးယစ်ခြင်း၊ | ✓ | ✓ |
| ၄ | ကျောင်းမှအခါအားလျော်စွာချမှတ်ထားသော ကျောင်းစည်းကမ်းများကို မလိုက်နာခြင်း၊ | ✓ | ✓ |
| ၅ | သမဝါယမနှင်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း)၏ဂုဏ်သိက္ခာညှိုးနွမ်းထိခိုက်စေ မည့်ကိစ္စရပ်များကိုပြောဆိုခြင်း/ပြုမူခြင်း/ လုပ်ဆောင်ခြင်း၊ | ✓ | ✓ |

## အခန်း(၄)

### တက္ကသိုလ်ပြောင်းရွှေ့လျှောက်ထားခြင်း

၆။ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်တစ်ခုမှတစ်ခုသို့ပြောင်းရွှေ့သင်ကြားလိုပါကအောက်ပါအချက်များနှင့် အကျုံးဝင်မှသာ ဆောင်ရွက်နိုင်ပါသည်-

(က) မိဘများသည်ဝန်ထမ်းဖြစ်၍ တာဝန်အရ ပြောင်းရွှေ့ရသောကြောင့် ပြောင်းရွှေ့သင်ကြားလိုကြောင်းလျှောက်ထားလိုပါကမိဘ၏ ပြောင်းရွှေ့မိန့် မိတ္တူ တင်ပြလျှောက်ထားနိုင်သည်။

(ခ) အခြားအကြောင်းအမျိုးမျိုးကြောင့်ပြောင်းရွှေ့ခွင့်လျှောက်ထားလိုလျှင် ခိုင်လုံသော အထောက်အထားတင်ပြပြီး လျှောက်ထားနိုင်သည်။

## အခန်း(၅)

### စာမေးပွဲများ

၇။ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)တွင် စာမေးပွဲများကို ပထမပညာသင်နှစ်ဝက်အပြီးတွင်(၁)ကြိမ်၊ ဒုတိယပညာသင်နှစ်ဝက်အပြီးတွင် (၁)ကြိမ် ကျင်းပမည်။ စာမေးပွဲနှင့်ပတ်သက်သည့် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပညာသင်နှစ်ဝက်အလိုက် ကျောင်းခေါ်ချိန်စုစုပေါင်း (၇၅%) မပြည့်မီပါက သက်ဆိုင်ရာနှစ်ဝက်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုခွင့်မပြုပါ။ စာမေးပွဲဖြေဆိုခွင့်မရသူသည် ၎င်းပညာသင်နှစ်အတွက် စာမေးပွဲတစ်ကြိမ် အကျအဖြစ် သတ်မှတ်ခြင်းခံရမည်။

(ခ) ခိုင်လုံသော ဆေးလက်မှတ်တင်ပြနိုင်ပါက ပညာသင်နှစ်(၁)နှစ်လုံး အတွက် ခွင့်ရက်(၂၁)ရက်အထိ ခွင့်ပြုသည်။



(ဂ) စာမေးပွဲများတွင် မသမာသောနည်းများကို အသုံးပြုရန် ကြိုးစားအားထုတ်ခြင်းနှင့် ကျူးလွန်ခြင်းများတွေ့ရှိပါက သတ်မှတ်ထားသောစာမေးပွဲစည်းကမ်းများအရ ထိရောက်စွာအရေးယူခြင်းခံရမည်။

## အခန်း(၆)

### စည်းကမ်းများ/စည်းကမ်းဖောက်ဖျက်မှုအတွက်ပြစ်ဒဏ်များ

၈။ (က) သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)၏ စာသင်ဆောင်စည်းကမ်း၊ စာကြည့်တိုက်စည်းကမ်း၊ လက်တွေ့ခန်းစည်းကမ်းစသည်ဖြင့် သတ်မှတ်ထုတ်ပြန်ထားသည့် စည်းကမ်းများကို လိုက်နာရမည်။

(ခ) သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) ကျောင်းသား၊ကျောင်းသူများသည် တစ်ဖက်ဖော်ပြပါ အကျင့်စာရိတ္တပျက်ပြားမှုဆိုင်ရာပြစ်မှုများနှင့် ကျောင်းစည်းကမ်း ဖောက်ဖျက်မှုဆိုင်ရာပြစ်မှုများကို ကျူးလွန်ပါက ပြစ်ဒဏ်ပြဇယားအတိုင်း လိုအပ်သလို အရေးယူခြင်းခံရမည်။

**အကျင့်စာရိတ္တပျက်ပြားမှုဆိုင်ရာပြစ်မှုများ**

| အမှတ်စဉ် | ပြစ်မှုများ | ပြစ်ဒဏ်များ | |
|---|---|---|---|
| | | ကျောင်းမှထုတ်ပယ်ခြင်း | ပြင်းထန်စွာသတိပေးခြင်း |
| ၁ | မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများကိုသုံးစွဲခြင်း/ထားသိုခြင်း/ ရောင်းချခြင်း/ ဖြန့်ဖြူးခြင်း၊ | ✓ | |
| ၂ | ပြစ်မှုဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်း၊ | ✓ | ✓ |
| ၃ | နိုင်ငံပိုင်နှင့် ကျောင်းပိုင်အဆောက်အအုံများ၊ ပစ္စည်းများဖျက်ဆီးခြင်း/ခိုးယူခြင်း/အဓမ္မယူခြင်း၊ | ✓ | |
| ၄ | ဆရာမများ၊ ကျောင်းသူများအား ကာယအိန္ဒြေပျက်ပြားအောင် ပြောဆိုခြင်း/ပြုမူခြင်း/လုပ်ဆောင်ခြင်း၊ | ✓ | |
| ၅ | ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အခြားပုဂ္ဂိုလ်များအားဆဲရေးတိုင်းထွာခြင်း၊ ကြိမ်းဝါးခြင်း၊ နှောင့်ယှက်ခြင်း၊ | ✓ | ✓ |
| ၆ | ဆရာ၊ဆရာမများက ဆိုဆုံးမသည်များကို မနာခံခြင်း၊ | ✓ | ✓ |
| ၇ | ကျောင်းတွင်း၊ကျောင်းပြင်လောင်းကစားမှုကျူးလွန်ခြင်း၊ | ✓ | |



၄။ **လက်ခံမည့်သင်တန်းသားဦးရေ**။ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)တွင် အမျိုးသား၊ အမျိုးသမီးဦးရေ သတ်မှတ်ထားခြင်းမရှိဘဲ ကျောင်းသား/ကျောင်းသူ(၄၀၀)ဦး လက်ခံမည်ဖြစ်ပါသည်။သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)သို့ လျှောက်ထားလာသူများအနက် တက္ကသိုလ်က လက်ခံနိုင်မည့် လူဦးရေသတ်မှတ်ချက်အရ တက္ကသိုလ်ဝင်စာမေးပွဲရမှတ် အများ /အနည်းအလိုက် ရွေးချယ်သွားမည် ဖြစ်ပါသည်။

၅။ **လက်တွေ့ကွင်းဆင်းကြေး**။ သင်တန်းများတွင် စာတွေ့နှင့် လက်တွေ့ပေါင်းစပ်သင်ယူနိုင်ရေးအတွက် လက်တွေ့လုပ်ငန်းခွင်များသို့ ကွင်းဆင်းဆောင်ရွက်မည့် အစီအစဉ် ပါရှိပါသည်။ ထိုကာလအတွင်း ကုန်ကျမည့် သယ်ယူပို့ဆောင်စရိတ်၊ စားစရိတ်နှင့် အခြားကုန်ကျစရိတ်များကို တွက်ချက်၍ တက္ကသိုလ်က ဖွဲ့စည်းထားသော စီမံခန့်ခွဲမှုအဖွဲ့များက ကျောင်းသား၊ ကျောင်းသူများထံမှ လက်တွေ့ကွင်းဆင်းကြေး ကောက်ခံပြီး ကွင်းဆင်းဆောင်ရွက်မှု စီစဉ်ပေးပါမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

# သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)၏

# ဝင်ခွင့်လမ်းညွှန်

၂၀၂၆-၂၀၂၇ ပညာသင်နှစ်

